
မင်းဖြတ်သူဂ
ရွှေပြည်ကြီး

တစ်နေ့သ၌ မြေလတ်ပိုင်းဒေသ၏ ရွာကြီးတစ်ရွာတွင် သူကြီးမင်း၏ နေအိမ်မှ မောင်းသံတဒူဒူ ကြားလိုက်ရသဖြင့် ရွာသူရွာသားများ သည် လှုပ်လှုပ်ရွရွ ဖြစ်သွားလေ၏။

ပြီးနောက်တွင် မူ နွားစာစည်း၊ မောင်းထောင်း၊ ဆန်ဖွပ် အစရှိသော အလုပ်များကို ရပ်၍ သူကြီးမင်း၏ နေအိမ်သို့ အပြေးနှင်ကြလေ၏။

အိမ်သို့ရောက်သောအခါ ကွမ်းအစ်ကြီးတစ်လုံးကို ရှေ့တွင် ချ၍ မိန့်မိန့်ကြီးထိုင်နေသော သူကြီးမင်းကို တွေ့ရလေ၏။

သူကြီးမင်းသည် ရွာသူရွာသားများ စုံလင်နေပြီဖြစ်သော်လည်း သူကြီးပါဝါပြချင်သူပီပီ ဟန်ကြီး တစ်ခွဲသားနှင့် ထိုင်နေလေ၏။

သူ၏ အကြောင်းကိုသိသော သူကြီးကတော်ကြီးသည် အမြင်ကတ်ကတ်နှင့် ရေနွေးခရားကြီးကို ဆောင့်ချ လိုက်လေ၏။

ရွာသူရွာသားများ သည် အလကားရသော ရေနွေးများကို တစ်အိုးပြီးတစ်အိုး ကုန်အောင် သောက်နေသောကြောင့် ပင် ဖြစ်၏။

ထန်းလျက်၊ ပဲလှော်နှင့် ဇီးယိုများ လည်း ကုန်တော့မည်။ သူကြီးမင်းကမူ တုတ်တုတ်မျှ မလှုပ်သေး။ သူကြီးမင်း အိုက်တင်ခံနေစဉ် ရွာသူရွာသားများ သည် အတွေးကိုယ်စီနှင့် ရှိလေ၏။ သူကြီး ငယ်စဉ်က နောက်ပိုးရှူးလုပ်ခဲ့ဖူးသော ဒေါ်လေးစိန်ဆိုသော မိန်းမကြီးက

"ဒီလူကြီး အကြောင်းမရှိ အကြောင်းရှာပြီး ဆင့်ခေါ်နေတာ အခွန်တော်တိုးကောက်ချင်လို့ ဖြစ်ရင်ဖြစ် မဖြစ်ရင်တော့ ငါ့ကို စိတ်မကုန်သေးလို့ပဲ"

ဟု တွေးတောကာ ပီတိဖြစ်နေလေ၏။

သူကြီးမင်း၏ အနီးတွင် ထိုင်နေသူမှာ မင်္ဂလာထွန်းတင်ဆိုသော စာရူးပေရူး အဘိုးကြီး ဖြစ်၏။

သူသည် လူကြားသူကြား၌ စာစကား ပေစကား မပြောရလျှင် မနေနိုင်သူ ဖြစ်၏။

ဤမျှ လူစုံလင်နေသော အခါသမယတွင် သူ၏ သာယာသော သုတိအသံဖြင့် ကဗျာတစ်ပုဒ်ရွတ်ရလျှင် မည်မျှကောင်းမည်နည်းဟု တွေးတောကာ လှုပ်လှုပ်ရွရွဖြစ်နေလေ၏။

သူသည် ခဏကြာလျှင် ကဗျာရွတ်လိုသော စိတ်ကို ထိန်းမနိုင်သိမ်းမရ ဖြစ် လာပြီး ညောင်နာနာ အသံဖြင့် အဟမ်းအဟမ်းဟု အသံပြုကာ

"အဟမ်း...အဟမ်း... အခုလို သာယာဖွယ်ကောင်းတဲ့ တပေါင်းလအခါသမယမှာ မိန်ရာသီဟု သရဖီပိတောက်၊ ခိုင်မြောက်ညွတ်ညောင်း၊ ဝတ်မှုန်လောင်းသည် ၊ တပေါင်းသာလ၊ လတကာထက်၊ နှိုင်းရာဖက်ရှောင်၊ လများ နှောင်ကား၊ တောင်လည်း သာမော၊ တောင်လည်း သာထွေ၊ ရေလည်း သာလှ၊ ဖြူလွှသောင်ပြင် ဆိုသလို သရဖီ ပိတောက်စတဲ့ ပန်းမာန်မျိုးစုံဟာ ဝေဝေဆာဆာ ဖူးပွင့်ပြီး ဖြူလွလွ သဲသောင်ပြင်မှာ ငှက်အပေါင်းတို့ ဟာလည်း ငြိမ့်ညောင်းသံသာ တေးအလှဆင်နေတာ ရှုမငြီးစရာ ပါပဲဗျာ"

ဟု ဆိုလိုက်ရာ မင်္ဂလာထွန်းတင်အား လွန်စွာအမြင်ကတ်သော လ

ယ်ပိုင်ရှင် ဦးဖိုးငိုက

“ဟော့လူ တော်စမ်းပါဗျာ၊ ဘာတွေရွတ်နေတာလဲ၊ ပူရ အိုက်ရတဲ့ အထဲ၊ ခင်ဗျားအသံကြီးကို ကြားရတာ ကျုပ် စိတ်ဆင်းရဲတယ်”

ဟု ချီးကျူးထောပနာပြုလိုက်ရာ ရွာသူရွာသားများ သည် ဝါးခနဲ ရယ်မောကြလေ၏။ မင်္ဂလာ ထွန်းတင်လည်း မျက်နှာ ရှုံ့မဲ့သွားပြီး

“ခင်ဗျား အတော်ခံစားမှု ခေါင်းပါးတဲ့ သူပဲ၊ မိန်ရာသီရဲ့ အလှကို ခံစားလို့ ရအောင် ကျုပ်ရဲ့ သာယာသော သုတိအသံနဲ့ ရေရွတ်ပြနေတာဗျ၊ ခင်ဗျားနားမထောင်ချင်ရင် နားပိတ်ထား၊ ရွာသားတွေ နားထောင်လိမ့်မယ်၊ မိန်ရာသီဟာ ရာသီတွေထဲမှာ အလှဆုံးပဲ၊ ဒါကြောင့် စာဆိုတော်ရှင်ဥတ္တမကျော် ကတောင် လေခမြေသက်၊ ဈာန်ဝိဘက်သို့ သစ်ရွက်ရော်ရိ၊ ဣန္ဒနိဝယ်၊ သိင်္ဂီတစ်ဝက်၊ မြတစ်ဝက်နှင့် ၊ ဖက်၍ ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံ မြိုင်တွင်း၊ တောလုံးလင်းသား ဆိုပြီး မိန်ရာသီရဲ့ အခါသမယရဲ့ သာယာလှပပုံကို ရေးဖွဲ့ခဲ့တယ်ဗျ၊ နောက်ပြီးတော့”

ဟု ဆိုလိုက်ရာ သူကြီးမင်းသည် အလိုက်ကန်းဆိုးမသိသော မင်္ဂလာ ထွန်းတင်အား စိတ်မရှည်နိုင်တော့ဘဲ

“ဒီမှာ ကိုထွန်းတင်၊ ခင်ဗျားနေရာတကာမှာ ဝင်မပါနဲ့ ဗျာ၊ ဒီရွာမှာ ခင်ဗျားက သူကြီးလား၊ ကျုပ်က သူကြီးလား”

ကျွဲမြီးတိုဟန်ဖြင့် ကြိမ်းမောင်း လိုက်လေရာ မင်္ဂလာထွန်းတင်လည်း ငြိမ်သက်သွားလေတော့၏။

ထိုအခါမှ ပင် သူကြီးမင်းက အဟမ်းဟမ်းဟု လည်ချောင်းရှင်းလျက်

“ကျုပ်တို့ အင်္ဂလိပ်လက်က လွတ်မြောက်တော့မယ် ဂျပန်တပ်မတော်ကြီး ပဲခူးရိုးမအတိုင်း ချီတက်လာနေပြီလို့ သတင်းရထားတယ်၊ မ

နက်ဖြန်ဆို ကျုပ်တို့ ရွာကို ဝင်တော့မယ်၊ ဒါကြောင့် ဂျပန် တပ်မတော် ကို ပန်းသပြေညှောင်ရေလောင်းပြီး သောင်းသောင်းဖြဖြ ကြိုဆိုကြရမယ်၊ ကျုပ်နဲ့ ရွာလူကြီး သုံးလေးယောက်ကတော့ နိပ္ပွန်မာစတာတွေကို ရွာပြင်ထွက်ပြီး ကြိုကြမယ်”

ဟု ဆိုလိုက်ရာ သူကြီးမင်း၏ စကားမဆုံးမီ မင်္ဂလာထွန်းတင်က လက်မထောင်၍

“ကြိုတဲ့ အဖွဲ့မှာ ကျုပ်နာမည်ကို ရှေ့ဆုံးက မှတ်ထားလိုက်ဗျာ၊ ထီးသုဉ်း၊ နန်းသုဉ်း၊ မြို့သုဉ်း သုည သုဉ်းသုံးဝဖြင့် သုဉ်းရပြန်လစ်၊ သုည ခေတ်ဝယ်၊ ဖြစ်လာရပပ၊ တို့ တတွေသည် သေသော်မှ တည့်၊ သြော် ကောင်း၏ တဲ့ ဗျ၊ နယ်ချဲ့လက်အောက်မှာ နေရတာထက် သေရတာက မြတ်သေးတယ်”

ဟု အာဘောင်းအာရင်းသန်သန်ဖြင့် ဆို လိုက်လေ၏။ ထိုအခါ ရွာထဲတွင် ဟိုနေရာစပ်စပ် သည် နေရာစပ်စပ် ပါလေ့ရှိသော ဦးတောကျော်ဆိုသည့် အဘိုးကြီးကလည်း အားကျမခံ

“မြန်မာတွေ စည်းကမ်းဖောက်လို့ ထီးနန်းပျောက်ဖြစ်ပြီ၊ မိုငြမ်း ထောက်အသစ်မှီတယ်၊ ညစ်ပလီ လူမျိုး၊ မိပစ်လို့ ဖရှောင် သွေသည် ၊ ခွကောင်တွေ ခွေးဖြစ်ပေါ့ဗျိုးလို့ အဆိုရှိသလို ကျုပ်တို့ ကတော့ ခွေး ဖြစ်မခံနိုင်ဘူး၊ ဂျပန်တပ်မတော်ကြီးကို ကြိုပြီး နယ်ချဲ့ကို အပြုတ်နှံမယ်ဗျာ၊ ဒီတော့ အကြိုထောက်တဲ့ အဖွဲ့မှာ ကျုပ်နာမည်ကိုလည်း ရှေ့ဆုံးကထည့်ဖို့ မမေ့နဲ့ ဗျာ”

ဟု ကြွားဝါ လိုက်လေ၏။ အမှန်စင်စစ် ဦးတောကျော်နှင့် မင်္ဂလာထွန်းတင်ဆိုသော အဘိုးကြီးသည် လွန်စွာကြောက်ရွံ့တတ်သူများ ဖြစ်ပြီး နယ်ချဲ့ကို တွန်းလှန်ရန် မဆိုထားနှင့် အိမ်ရှိမယားများကိုပင် ခေါင်းမော့

မကြည့်ဝံ့သူများ ဖြစ်၏။

သူကြီးမင်းသည် ထိုလူကြီးနှစ်ဦး၏ သတ္တိကို အကြောင်းသိဖြစ်သော်လည်း သူလည်း ထူးမခြားနားပင် ဖြစ်လေသဖြင့်

"ခင်ဗျားတို့ ရဲ့ မျိုးချစ်စိတ်ကိုတော့ ချီးကျူးတယ်ဗျာ၊ ဒီတော့ ကျုပ်တို့ သတ္တိခဲသုံးယောက် မနက်ဖြန်ရွာပြင်ထွက်ပြီး ဂျပန်တပ်မတော်ကြီးကို ကြိုဆိုမယ်ဗျာ၊ ကျုပ်တို့ ရွာကို ဂျပန်တွေ အထင်မသေးအောင် ဝတ်ကောင်းစားလှတွေ ဝတ်လာဖို့ တော့ လိုတယ်နော်"

ဟု ပြော လိုက်လေရာ မင်္ဂလာထွန်းတင်နှင့် ဦးတောကျော်က သဘောတူ လက်ခံ လိုက်လေ၏။ ထို့နောက် သူကြီးမင်းက ကာလသားခေါင်းနှင့် အဖွဲ့အား ရွာတွင်း၌ ကြိုဆိုနေရာချထားရေး အစီအစဉ် များကို ပြောပြလေ၏။

ထိုနေ့ညသို့ ရောက်သောအခါ မင်္ဂလာထွန်းတင်၏ မိန်းမ ဒေါ်ညိုပြာနှင့် ဦးတောကျော်၏ မယား ဒေါ်ချစ်သည် ရွာ၏ ဘဏ်တိုက်ဖြစ်သော ဒေါ်ဘုမ အပေါင်ဆိုင်၌ ဆုံလေ၏။

၎င်းတို့ သည် ဒေါ်ဘုမ၏ အပေါင်စခန်းတွင် ကာလများ စွာ နားခိုနေသော မောင့်ကျက်သရေ ခေါင်းပေါင်း၊ ဗန်ကောက်လုံချည်၊ ပေတင်ရှူးဖိနပ်၊ အယ်လ်ပတ်ကား တိုက်ပုံအင်္ကျီတို့ ကို ပြန်ရွေးရန်လာခြင်း ဖြစ်၏။

*

နောက်တစ်နေ့သို့ ရောက်သောအခါ မင်္ဂလာထွန်းတင်ကို မောင့်ကျ ကျသရေခေါင်းပေါင်းပြီး တောင်ရှည်ပုဆိုးကို အကျအနဝတ်လျက် ရှာ သူရှာသားများကြားတွင် ထောင်ထောင် ထောင်ထောင်နှင့် တွေ့ရလေ၏ ။

ခဏကြာလျှင် ဦးတောကျော်သည် မျက်မှန်ဝိုင်းကလေးကို တပ်၍ ပေတင်ရှူးဖိနပ်၊ အယ်လ်ပတ်ကား တိုက်ပုံအင်္ကျီတို့ ဖြင့် ရှိုးထုတ် လာ လေ၏။ သူကြီးမင်းမှာ မူ ဆံပင်ကို ကော့စမစ်တိတ် နှင့် ဖြီး၍ မျက်နှာ ကို ဟေစလင်စနိုးလူးလေ၏။

ထို့နောက် တောင်ရှည်ပုဆိုးနှင့် ရင်ဖုံးအင်္ကျီပန်းပရူးဖိနပ်တို့ ကို အ ကျဝတ်လေ၏။ လက်ထဲတွင် ကျွန်းသားတုတ်ကောက်ကိုလည်း ကိုင် ထားသေး၏။

ရွာသူရွာသားများမှာ လည်း ၎င်းတို့ နည်းတူ ပန်းသပြေ ညောင်ရေ အိုးကိုယ်စီဖြင့် ပျော်တပြုံးပြုံး ရှိနေလေ၏။ နယ်ချဲ့လက်အောက်မှ လွ တ်မြောက်တော့မည် မဟုတ်ပါလား။

မင်္ဂလာထွန်းတင်သည် ရွာသူရွာသားများကြားတွင် နယ်ချဲ့ကို တွန်း လှန်ရန် သူရသတ္တိရှိဖို့ လိုကြောင်း ဟောင်ဖွာ၊ ဟောင်ဖွာနှင့် ပြောဆိုနေ လေ၏။

သူ၏ စကားကိုနားထောင်နေသူအများ စုမှာ ကလေးငယ်များ ပင်

ဖြစ်၏။ လူကြီးများမှာ မူ သူ၏ သတ္တိကို နားလည်သူများ ဖြစ်၍ တီးတိုးပြောကာ ရယ်မောကြကုန်၏။

ခဏကြာလျှင် သူကြီးမင်းခေါင်းဆောင်သော ရွာလူကြီးအဖွဲ့သည် ဂျပန်တပ်မတော်ကို ကြိုဆိုရန် ရွာပြင်သို့ ရင်ကော့၍ ချီတက်သွားကြ၏။

ရွာလူကြီးများ ထွက်ခွာပြီး အတန်ကြာသောအခါ ရွာသူရွာသားများသည် ရွာထိပ်သို့ လည်တဆန့်ဆန့်ဖြင့် မျှော်ကြည့်နေလေ၏။

နေမွန်းတည့်ချိန် ရောက်နေပေပြီ။ သူကြီးနှင့် ရွာလူကြီးများ ရောက်မလာသေး။

ရွာသူရွာသားများ သည် ဂျပန်တပ်မတော်ကြီးကို မြင်ချင်လှပြီ။ ထိုအခိုက်မှာ ပင် မြင်ကွင်းထဲသို့ အဝေးဆီမှ လှုပ်လှုပ်ရွရွ လူစုလူဝေးကြီးကို တွေ့ရလေ၏။ ရွာသားတစ်ဦးက ဝမ်းမြောက်ဝမ်းသာဖြင့်

“ဂျပန်တပ်မတော်ကြီး ချီ လာပြီ”

ဟု အော်ဟစ် လိုက်လေ၏။ မြင်ကွင်းက တဖြည်းဖြည်း သဲကွဲလာ၏။ လူသံသူသံများကိုလည်း ကြားလာရ၏။

ရှေ့ဆုံးက ချီတက်လာသူ သုံးဦးမှာ မြန်မာများ ပင် ဖြစ်၏။ သို့သော် ၎င်းတို့ ၏ ဝတ်စား ဆင်ယင်ပုံကို ကြည့်၍ ရွာသူရွာသားများ သည် တွေးရခက်ကြီး ဖြစ်သွား၏။

၎င်းတို့ ၏ ကိုယ်ပေါ်တွင် စွပ်ကျယ်အင်္ကျီနှင့် အတွင်းခံ ဘောင်းဘီလေးသာ ဝတ်ထား၏။ ထိုသူ သုံးဦးမှာ ဂျပန်စစ်သားများ ပင်လောဟု တွေးတောနေကြ၏။ သို့သော် ဂျပန်စစ်သားဆိုလျှင် လက်နက်တော့ ကိုင်ရမည်။ ၎င်းတို့ ကိုယ်ပေါ်တွင် လက်နက်နှင့် တူတာဆို၍ ဝါးရင်းတုတ်တစ်ချောင်းပင်မတွေ့ရ။ ထိုမြင်ကွင်းကိုကြည့်၍ ဒေါ်ဘုမဆိုသော

မိန်းမကြီးက မျက်နှာရှုံ့မဲ့လိုက်ပြီး

"ရှေ့ဆုံးက ဂျပန်သုံးကောင်ကို ကြည့်ရတာ ကျုပ်တော့ မျက်စိရှက်လိုက်တာ၊ တော်ပြီ၊ တော်ပြီ ဒီကောင်တွေကို မကြိုချင်တော့ဘူး"

ဟု ဆိုလိုက်ရာ ကာလသားခေါင်း အောင်မိုးက

"ဂျပန်စစ်သားမဖြစ်နိုင်ပါဘူး ဒေါ်ဘုမရာ၊ ကျုပ်အထင်တော့ အရပ်သားလမ်းပြတွေဖြစ်မယ်၊ နေပါစေဦး၊ ဒီလောက် ရိုင်းစိုင်းတဲ့ ကောင်တွေ ရွာထဲရောက်မှ ပညာပေးလွှတ်လိုက်ဦးမယ်"

ဟု ပြောဆိုလေ၏။ ဂျပန်တပ်ဦးသည် ရွာနှင့် တဖြည်းဖြည်း နီးသထက်နီးလာပေပြီ။ မျက်စိကောင်းသော ရွာသားတစ်ဦးကကြည့်၍ မျက်လုံးပြူးသွားပြီး

"ဟော့ ရှေ့ဆုံးက ချီတက်လာတာ သူကြီးကွ၊ သူ့ဘေးက နှစ်ယောက် မင်္ဂလာထွန်းတင်နဲ့ ဦးတောကျော်ဟေ့၊ ဒီလူကြီးတွေ ဘယ်လိုဖြစ်တာလဲ ၊ သွားတုန်းက မောင့်ကျက်သရေခေါင်းပေါင်းနဲ့ တောင်ရှည်ပုဆိုးနဲ့ မဟုတ်လား၊ အခုတော့ အတွင်းခံ ဘောင်းဘီနဲ့ စွပ်ကျယ်လေးတွေ ဖြစ်ကုန်ပါလား"

ဟု တအံ့တဩ ရေရွတ်လေ၏။ ရွာသားများ လည်း သေချာစွာကြည့်ရှုပြီး

"အစစ်ပဲဟေ့၊ ဘယ်လိုဖြစ်တာလဲ၊ သူကြီးကိုကြည့်ရတာ၊ ကုတ်ချောင်း ကုတ်ချောင်းနဲ့ "

"ဟုတ်တယ်ဟေ့၊ သူတို့ မှာ ဖိနပ်တွေလည်း မရှိတော့ဘူး၊ သူကြီးက ပန်းပရူးဖိနပ် အကောင်းစား ဝတ်ထားတာ၊ ရိုးကုမ္ပဏီကတောင်မှ မှာထားရတယ်ဆိုပဲ"

“ဦးတောကျော်ကြီးကလည်း ပေတင်ရှူးဖိနပ် စီးသွားတာကွ၊ ခုကြည့်တော့ ဖိနပ်လည်း မပါပါလား၊ တစ်ခုခုတော့ တစ်ခုခုပဲ”

“မင်္ဂလာထွန်းတင်ကြီးက ပိုးပဝါပေါင်းထားတာကွ၊ အခုတော့ ဘာပဝါမှ မရှိတော့ပါလား၊ ပြဿနာပေါ်ပြီနဲ့ တူတယ်”

“ဟုတ်တယ်ဟေ့၊ တို့ ရဲ့ ကြိုဆိုရေးအစီအစဉ် ဖျက်လိုက်ရင်ကောင်းမယ်၊ ကိုယ့်အိမ်ကိုယ် ပြန်ကြဟေ့”

စသည် ဖြင့် တစ်ယောက်တစ်ပေါက် ပြောဆိုကာ ရွာထဲသို့ ပြန်ပြေးကြလေ၏။ ထို့နောက် မိမိတို့ ၏ နေအိမ်ခြံဝင်းများ ထဲသို့ ဝင်၍ အခြေအနေကို စောင့်ကြည့်လေရာ ဂျပန်စစ်သားများ သည် ရွာလယ်လမ်းမကြီးအတိုင်း ချီတက်လာသည် ကို မြင်ရ၏။

သူကြီး၊ ဦးတောကျော်နှင့် မင်္ဂလာထွန်းတင်မှာ ဖွားဖက်တော်ကို လုံရုံမျှရှိသော အတွင်းခံ ဘောင်းဘီနှင့် စွပ်ကျယ်တိုကလေးများကို ဝတ်၍ ကုတ်ချောင်းကုတ်ချောင်း လိုက်ပါ လာလေ၏။

အင်္ဂလိပ်စကားကို အနည်းအကျဉ်းတတ်သော မင်္ဂလာထွန်းတင်ကြီး မ ၂၁ ဂျပန်စစ်ဗိုလ်၏ အမေးကို မျက်လုံးလေး ကလယ်ကလယ်ဖြင့် ဖြေကြားနေရှာ၏။ ဂျပန်စစ်ဗိုလ်သည် မေးမြန်းရင်း ကြိမ်းမောင်းနေပုံရ၏။

မင်္ဂလာထွန်းတင်ကြီးမှာ ကြောက်လန့်၍ တဆတ်ဆတ်တုန်နေရှာ၏။

ဂျပန်စစ်ဗိုလ်သည် သူကြီးတို့ လူစုအား ရွာလယ်လမ်းမကြီးအတိုင်း လမ်းပြစေလျက် ချီတက်လာခြင်း ဖြစ်၏။ ရွာ၏ တစ်နေရာသို့ ရောက်သောအခါ ရွာကို ပတ်စီးသောချောင်းက ကန့်လန့်ခံ နေလေပြီ။

ရေက ခြေသလုံးခန့်သာရှိ၏။ ဂျပန်စစ်သားများ အနေဖြင့် ကောင်းမွန်စွာ ဖြတ်သန်း သွားနိုင်၏။ သို့သော် ချောင်းကို မဖြတ်ဘဲ မင်္ဂလာထွန်းတင်ကြီးဘက်သို့ လှည့်၍ အင်္ဂလိပ်ဘာသာဖြင့် တစ်စုံတစ်ရာ ကို ပြောဆိုနေလေ၏။

မင်္ဂလာထွန်းတင်ကြီးသည် ခေါင်းကုတ်ဖင်ကုတ်လုပ်၍ ဂျပန်စစ်ဗိုလ်၏ စကားကို ငြင်းဆို နေပုံရ၏။

ဂျပန်စစ်ဗိုလ်က ဒေါမာန်ပါပါဖြင့် ကြိမ်းမောင်းလေ၏။ နောက်ဆုံးတွင် မင်္ဂလာ ထွန်းတင်ကြီးတို့ လူစုသည် မငြင်းဆိုနိုင်တော့ဘဲ ဂျပန်စစ်ဗိုလ်ခိုင်းသည့် အတိုင်း လုပ်ကြ ရလေတော့၏။

မင်္ဂလာထွန်းတင်ကြီးတို့ ၏ အပြုအမူကို ကြည့်၍ ရွာသူရွာသားများသည် ဟာခနဲ၊ ဟင်ခနဲ ဖြစ်သွားလေ၏။

မင်္ဂလာထွန်းတင်၊ သူကြီးနှင့် ဦးတောကျော်တို့ သည် ဂျပန်စစ်သားတစ်ဦးစီ၏ ရှေ့တွင် ခါးကုန်း၍ မြင်းကဲ့သို့ ရှိနေကြရ၏။

ထိုမြင်ကွင်းကိုကြည့်၍ ဒေါ်ဘုမဆိုသော မိန်းမကြီးက မျက်မှောင်ကြုတ်၍

"ဟိုလူကြီးတွေ ဘာလုပ်တာလဲ၊ ဂျပန်စစ်သားတွေရှေ့မှာ ကုန်းကုန်းကွကွကြီးပါလား"

ဟု ရေရွတ်လေ၏။

ထိုအခိုက်မှာ ပင် ဂျပန်စစ်သားသုံးယောက်သည် ဦးတောကျော်တို့ ကိုယ်ပေါ်သို့ စွေ့ခနဲ ခုန်တက် လိုက်ကြ၏။

ထိုအခါ ၎င်းတို့ သုံးယောက်က ဒယိမ်းဒယိုင်ဖြင့် ဂျပန်စစ်သားများကို ကျောပိုး၍ ချောင်းကို ဖြတ်ကူးနေလေ၏။ ရွာသူရွာသားများ သည်

အဲ့ညြလွန်း၍ ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ဖိုးလုံး ဆိုသော ကာလသားတစ်ယောက်က

"သူကြီး တစ်သက်လုံး ငါတို့ ကို အနိုင်ယူလာခဲ့တာ ဂျပန်စစ်သားနဲ့ တွေ့မှ ကုန်းပိုးစီး ခံရတော့တယ်"

ဟု ရေရွတ်လေရာ ရွာသူရွာသားများ သည် ရယ်ရအခက်၊ ငိုရအခက် ဖြစ်သွားလေ၏။

၎င်းတို့ သည် ဂျပန်တပ်ဦး၏ ဆိုးဝါးရက်စက်ပုံကို ကိုယ်တွေ့ကြုံခဲ့ရလေပြီ။

သူကြီးတို့ သုံးယောက်သည် ပင်ပန်းကြီးစွာဖြင့် ချောင်းကို ဖြတ်ပြီး ဂျပန်စစ်သားများအား အလီလီ သယ်ပို့ပေးရပြန်၏။

အတန်ကြာသောအခါ ဦးတောကျော်တို့ သုံးယောက်သည် မောပန်းလွန်းသဖြင့် တစ်ယောက်ပြီး တစ်ယောက် မြေပေါ်သို့ လဲကျကုန်လေ၏။ ဂျပန်တပ်ခွဲတစ်ခွဲလုံးလည်း တစ်ဖက်ကမ်းသို့ ရောက်နေ လေပြီ။

နောက်ဆုံးတွင် ဂျပန်စစ်ဗိုလ်တစ်ဦးတည်းသာ ကျန်တော့ပြီး စစ်ဗိုလ်က

"ဟော့ ခူးရား ဘိရမာ"

ဟု ငေါက်ငမ်းရင်း မင်္ဂလာထွန်းတင်ကြီးကို ထခိုင်းလေ၏။

မင်္ဂလာထွန်းတင်ကြီးက တော်တော်နှင့် မထသဖြင့် ဂျပန်စစ်ဗိုလ်က ဒေါမာန်ထ လာပြီး နှစ်ချက် သုံးချက် ဆောင့်ကန်လေ၏။ ထိုအခါမှ ပင် မင်္ဂလာထွန်းတင်ကြီးလည်း ကုန်းရုန်းထ၍ ဂျပန်စစ်ဗိုလ်အား ချောင်းတစ်ဖက်သို့ သယ်ပို့ပေးရပြန်၏။

ရွာသူရွာသားများ သည် ကျောချမှ စားပြမှန်းသိရ၏။

ထိုနေ့ ညနေသို့ ရောက်သောအခါ သူကြီးမင်း၏ အိမ်ဝိုင်းထဲရှိ ကွပ်ပျစ်ကြီးများ ပေါ်တွင် သူကြီးမင်း၊ မင်္ဂလာထွန်းတင်နှင့် ဦးတောကျော်တို့မှာ ပိုးလိုးပက်လက် လဲနေကြပြီး၊ ရွာသူရွာသားများ ဝိုင်းဝိုင်းလည်နေ၏။

လယ်ပိုင်ရှင် ဦးဖိုးငိုက

"ဘယ်လိုဖြစ်တာလဲ သူကြီးရယ်"

ဟု စိတ်မကောင်းဟန်ဖြင့် မေးမြန်း လိုက်လေရာ သူကြီးက မျက်နှာရှုံ့မဲ့၍

"ဒီကောင်တွေ အတော်ရိုင်းတဲ့ ကောင်တွေဗျာ၊ ဘုရားမှတ်လို့ ကိုးကွယ်မိပါတယ်၊ ဖွတ်ထွက်မှ တောင်ပို့မှန်းသိ ဆိုသလို ဖြစ်နေပြီ၊ ဖက်ဆစ်တွေဟာ အလွန်ဆိုးတယ်ဆိုတာ အလွန်မှန်တာပဲဗျ၊ ကျုပ်တို့ တော့ ကိုယ်တွေ့ကြုံရပြီ"

ဟု ပြောလေ၏။ ဒေါ်ဘုမကြီးက ဝင်၍

"စစ်ဦးဘီလူးဆိုတဲ့ စကားတော့ရှိသားပဲ၊ ဂျပန်တွေဟာ ဗုဒ္ဓဘာသာတွေဆို၊ အင်္ဂလိပ်လောက်တော့ ရိုင်းမယ်မထင်ပါဘူး၊ နောက်လာမယ့်တပ်တွေ စောင့်ကြည့်ပါဦး"

ဟု နားချလေ၏။ ဦးတောကျော်ကြီးက မျက်နှာရှုံ့မဲ့၍

"တော်ပါပြီ ဒေါ်ဘုမရယ်၊ ကျုပ်တော့ မစောင့်ရဲတော့ပါဘူး၊ ဒီဂျပန်တွေနဲ့ တင် အတော်လန့်သွားပါပြီ၊ ဒီကောင်တွေ လူကြီးမှန်း ဘာမှန်းသိတဲ့ ကောင်တွေ မဟုတ်ဘူး ၊ ကျုပ်တို့ လူစုကို မြင်မြင်ချင်း လက်ညှိုးထိုးပြီး တဟားဟားရယ်နေကြတယ်၊ ပြီးတော့ ကျုပ်ဆောင်းထားတဲ့

မောင့်ကျက်သရေ ခေါင်းပေါင်းကို ချွတ်ယူပြီး သူတို့ ခေါင်းမှာ ယူဆောင်းကြည့်တယ်”

ဟု ပြောလေရာ မင်္ဂလာထွန်းတင်ကြီးက ဝင်၍

“ဟုတ်တယ်ဗျို့၊ ဒီကောင်တွေ ရိုင်းတာမှ ကမ်းကုန်ပဲ၊ ကျုပ်တို့ ကတော့ သူတို့ ကို တလေးတစား ကြိုဆိုဖို့ သွားတယ်၊ ဒီကောင်တွေက မပြောမဆို ကျုပ်အနားကပ် လာပြီး ကျုပ်ရဲ့ တောင်ရှည်ပုဆိုးကို ချွတ်ယူသွားတယ်၊ တော်သေးတာပေ့ါ၊ အတွင်းခံဘောင်းဘီပါပေလို့ ”

ဟု ပြောလေရာ ရွာသူရွာသားများက ဝါးခနဲ ရယ်မောကြလေ၏။ မင်္ဂလာထွန်းတင်ကြီးက ဆက်လက်၍

“ပြောရဦးမယ်၊ ကျုပ်က မယူပါနဲ့ လို့ တောင်းပန်တာတောင် တောင်းပန်လို့ မရဘူး၊ ကျုပ်ဖင်ကို နှစ်ချက်သုံးချက် ဆင့်ကန်ပြီး တောင်ရှည်ပုဆိုးကို အတင်းချွတ်ယူသွားတယ်၊ နောက်ပြီး သူတို့ ကိုယ်မှာ ပတ်ကြည့်ကြတယ်”

ဟု ပြောလေရာ ရွာသူရွာသားများက တဝါးဝါး ရယ်မောကြပြန်၏။ ဒေါ်ဘုမက

“ကျုပ်ပြောသလို တပ်ဦးဘီလူးဆိုသလို ဖြစ်မှာ ပါ၊ နောင်လာမယ့် တပ်တွေဆို ဆိုးမယ် မထင်ပါဘူး”

ဟု ပြောလေ၏။ မင်္ဂလာထွန်းတင်ကြီးက မျက်နှာရှုံ့မဲ့၍

“ဆိုးမယ်မထင်ရင် နောက်လာမယ့်တပ်တွေကို ခင်ဗျားကိုယ်တိုင် သွားကြိုတော့ဗျို့၊ ကျုပ်တို့ တော့ ကြောက်ပါပြီ”

ဟု ညည်းညူလေ၏။ ဦးတောကျော်ကြီးက တစ်ဖန်

“ဂျပန်တစ်ယောက်က ကျုပ်ရဲ့ ပေတင်ရှူးဖိနပ်ကို အတင်းချွတ်ယူသွားတယ်၊ အယ်လ်ပတ်ကား တိုက်ပုံကိုလည်း နောက်တစ်ယောက်က လုယူသွားပြန်တယ်၊ ဘန်ကောက်လုံချည်ကိုတောင် မချန်ဘူးဗျို့၊ ဒီကောင်တွေ ဓားပြတွေများ ဖြစ်နေမလားပဲ”

ဟု ဆိုပြန်၏။ သူကြီးက လက်သီးလက်မောင်းတန်း၍

“မြို့က သခင်တွေပြောသလို ဒီကောင်တွေကို တစ်နေ့နေ့မှာ ပြန်ချရမှာ အမှန်ပဲဗျို့၊ အဲဒီအခါ ကျရင် ဒီဂျပုတွေကို ကျုပ်ရှေ့ဆုံးကနေပြီး တိုက်မယ်”

ဟု နာကြည်းမှုအပြည့်နှင့် ကြုံးဝါး လိုက်လေတော့သတည်း။

*